ကာကွယ်ရေးဝန်ကြီးဌာန

စစ်ရေးသတင်းအကျဉ်းချုပ်

Date -30/3/2022

စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

ကရင်ပြည်နယ်

- ၂၀၂၂ မတ်လ ၂၈ ရက်နေ့ ကရင်ပြည်နယ်၊ မြဝတီမြို့နယ် မြဝတီ-ဝေါလေကား လမ်းပေါ် သေ့ဘော့တိုးရွာသို့ ကျူးကျော်ဝင်ရောက်လာသော စကစစစ်ကြောင်းနှင့် ကော်ဘရာစစ် ကြောင်းတို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး ကော်ဘရာစစ်ကြောင်းမှ ဖိဂ မမလက်နက်များဖြင့် ပစ်ခတ် ခြေမှုန်းခဲ့ရာ စကစတပ်သား ၁၃ ဦးသေဆုံးခဲ့သည်။

- ၂၀၂၂ မတ်လ ၂၉ရက်နေ့ နေ့လယ်ပိုင်း၌ ကရင်ပြည်နယ်၊ မြဝတီမြို့နယ် မြဝတီ-ဝေါလေကားလမ်းပေါ် သေ့ဘော့တိုးရွာသို့ ကျူးကျော်ဝင်ရောက်လာသော စကစစစ်ကြောင်းကို ကော်ဘရာစစ်ကြောင်းမှ တိုက်ခိုက်ခဲ့ရာ လက်ဖြောင့်စနိုက်ဘာစစ်သည်များ၏ စွမ်းဆောင်မှုဖြင့် စကစမှ ၆ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

- ၂၀၂၂ မတ်လ ၃၀ ရက်နေ့ ကရင်ပြည်နယ်၊ ကျုံဒိုးနှင့် ကော့ကရိတ်ကြား ၇ တိုင်လမ်းဖြောင့်နေရာ၌ အကြမ်းဖက် စကစကား ၃ စီးကို KNLA၊ ကျားဖြူတပ်ခွဲ (၃) နဲ့ ဂဠုန်ပူးပေါင်းတပ်ဖွဲ့မှမိုင်းဆွဲခဲ့ရာ စကစကားတစ်စီး မြောင်းထဲကျကာ ၂ ဦးသေ၊ ၆ ဦးဒဏ်ရာရရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်း

- ၂၀၂၂ မတ်လ ၂၉ရက်နေ့ စစ်ကိုင်းတိုင်း၊ ပင်လည်ဘူးမြို့နယ်၊ ကပ္ပန္တာကျေးရွာ ဘုရားသုံးဆူအနီး၌ စကစတပ်သားများနှင့် ကောလင်းခရိုင် PDF တပ်ရင်း၊ ပင်လည်ဘူးမြို့နယ် ပကဖပူးပေါင်းတပ်ဖွဲ့တို့ ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့ရာ PDF ရဲဘော် (၁) ဦး ကျဆုံးခဲ့၍ စကစမှ စစ်ဗိုလ် (၁) ဦး ကျဆုံးခဲ့ကြောင်း သိရသည်။

မကွေးတိုင်း

- ၂၀၂၂ မတ်လ ၃၀ရက်နေ့ မကွေးတိုင်း၊ မြိုင်မြို့နယ်၊ ဆူးဝင်းလမ်းခွဲအနီး မြိုင်-ဗဟင်းလမ်းမကြီး ပေါ်ရှိ ဗဟင်း၌တပ်စွဲထားသည့် စကစလက်အောက်ခံရဲစခန်းသို့ စစ်ကူလာသည့် စကစတပ်သား များအား Myaing Villages Revolution Front မှ ခြုံခိုတိုက်ခိုက်ခဲ့ရာ စကစတပ်သား ၆ ဦးသေဆုံးခဲ့သည်။

မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။

- ၂၀၂၂ မတ်လ ၃၀ရက်နေ့၊ မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ ကျွန်းချောင်း-ဆိပ်ဖြူလမ်းမဘေးရှိ ဒွဲပြားရွာအဝင်သို့ တက်လာသည့် စကစ ကား ၇ စီးအား မြစ်ခြေ-ကျွန်းချောင်း ပြည်သူ့ ကာကွယ်ရေး တပ် မှ ပထမအကြိမ်တိုက်ခိုက်ခဲ့ပြီး နာရီပိုင်းအကြာ၌ အရှေ့ကမ်းဖြူ ကျေးရွာအနီး မောင်းနှင်လာသည့် စကစကား ၁ စီးအားထပ်မံ၍တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်း

- ၂၀၂၂ မတ်လ ၃၀ရက်နေ့၊ မန္တလေးတိုင်း၊ မဟာအောင်မြေမြို့နယ်၊ ၃၅လမ်း၊ ၅၉လမ်းနှင့် လမ်း ၆၀ ကြားရှိ ရဲမွန်တောင်ရပ်ကွက်ရုံးရှိ စကစတပ်သားအစောင့်ကင်းတဲထဲ၌ သေနတ်ဖြင့်အပစ်ခံရ၍ စကစလက်အောက်ခံရဲတပ်သား ၂ ဦးနှင့် စကစတပ်သားဒု-တပ်ကြပ် ၁ ဦးတို့ဒဏ်ရာရ (စိုးရိမ်ရ) သွားကြောင်း သတင်းရရှိသည်။

စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

ကရင်နီ(ကယား)ပြည်နယ်

- ၂၀၂၂ မတ်လ ၂၉ရက်နေ့၊ ကရင်နီ(ကယား)ပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ လွိုင်ကော်ပညာရေး ကောလိပ်ကျောင်းဆင်း CDM ကျောင်းဆရာ ကိုရူးလယ်ဝါးကို ၂၀၂၁ စက်တင်ဘာလ (၆) ရက်နေ့၌ စကစမှဖမ်းဆီးခဲ့ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က) ဖြင့်ထောင်ဒဏ် ၅ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

- ၂၀၂၂ မတ်လ ၃၀ရက်နေ့ ကရင်နီ(ကယား)ပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ အောင်သပြေကုန်းကျေးရွာနှင့် အနီးရှိကျေးရွာများ လွိုင်လင်လမ်းမကြီးတလျှောက် စကစများ စစ်ကြောင်းဆင်းလာချိန် လက်နက် ကြီးများနှင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် နေအိမ်တချို့ပျက်စီး၍ ၁၁ နှစ်အရွယ်ကလေးငယ် တစ်ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်း

- ၂၀၂၂ မတ်လ ၃၀ ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ကျွန်းလှမြို့နယ်၊ နောင်ကောက်ကျေးရွာအနီးရှိ သဖန်းချောင်း ရေနံမှော်သို့ စကစတပ်သား (၁၀၀) ခန့်ရောက်ရှိခဲ့ပြီး နေအိမ်နှင့် ရေနံတွင်းများကိုမီးရှို့ဖျက်ဆီးသွားခဲ့ ကြောင်း သိရသည်။

တနင်္သာရီတိုင်း

- ၂၀၂၂ မတ်လ ၃၀ရက်နေ့၊ တနင်္သာရီတိုင်း၊ သရက်ချောင်းမြို့နယ်၊ တောင်ပျောက်တိုက်နယ် ကျေးရွာသို့ စကစတပ်သားအင်အား ၁၅၀ ခန့်စစ်ကြောင်းထိုးလာသောကြောင့် တောပျောက်တိုက်နယ် ကျေးရွာ အတွင်းမှ ဒေသခံ ၃၀၀၀ ကျော်ထွက်ပြေးတိမ်းရှောင်နေရကြောင်း သတင်းရရှိသည်။

မွန်ပြည်နယ်

- ၂၀၂၂ မတ်လ ၂၉ရက်နေ့ နေ့လယ်ပိုင်း မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ရွှေရောင်ပြကျေးရွာအနီးတွင် အကြမ်းဖက်စကစတပ်များသည် အဝေးပြေးကားလမ်းပေါ်ရှိ ခရီးသည်တင်ကားများနှင့် အိမ်စီး ကားများကို ရမ်းသမ်းပစ်ခတ်ရာမှ အသက် ၉ နှစ်အရွယ် မောင်ညီညီဇော် နှင့် အသက် ၆ နှစ်အရွယ် မောင်ကြယ်စင်မင်း တို့အား ထိမှန်ခဲ့ကာ သေးဆုံးသွားကြောင်း သိရသည်။

မကွေးတိုင်း

- ၂၀၂၂ မတ်လ ၂၉ရက်နေ့ မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ သဲတော၊ ကွမ်းသီးကန် နှင့် ကျောက်ထပ် ကျေးရွာ ၃ ရွာကြား၌ စကစတပ်သားနှင့်ပျူစောထီး ကား ၂ စီးဖြင့် အင်အား ၅၀ ကျော်သည် မြောက်ဘက်အရပ်သို့ လက်နက်ကြီးလက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်နေသည့်အတွက် နယ်မြေခံပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရကြောင်း သိရသည်။

- ၂၀၂၂ မတ်လ ၂၈ရက်နေ့ မကွေးတိုင်း၊ ငဖဲမြို့နယ်၊ ပုသိမ်-မုံရွာလမ်းအတိုင်း တက်လာသည့် စကစကား- ၆ စီးသည် မကွေးတိုင်း၊ ငဖဲမြို့နယ်၊ ပဒါန်းကျေးရွာ အရောက်လမ်းဘေးတစ်လျှောက် လူနေအိမ်များအား ကားပေါ်မှ ရမ်းသမ်းပစ်ခတ်သွားသည့်အတွက် ပြည်သူ ၃ ဦး သေနတ်ထိမှန်၍ ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်း

- ၂၀၂၂ မတ်လ ၃၀ရက်နေ့ မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ အရှေ့ခြမ်းရှိ ကျေးရွာများ၌ ယခုရက်ပိုင်း အတွင်း စကစများ မွေနှောက်သောင်းကျန်း၍ ဒေသခံများကိုလည်း PDFများနှင့် ဆက်စပ်သူများအဖြစ် စွပ်စွဲ၍ ဖမ်းဆီးကာ ငွေညှစ်မှုများ လုပ်ဆောင်နေကြောင်း သိရသည်။

ရှမ်းပြည်နယ်

- ၂၀၂၂ မတ်လ ၃၀ရက်နေ့ ရန်ကုန်-လွိုင်ကော် လမ်းမကြီးတစ်လျှောက် စကစစစ်ဆေးရေးဂိတ်များ အနက် လွိုင်ကော်မြို့တွင်း ခလရ ၂၆၁ တပ်ရင်းရှေ့၊ မိုးဗြဲအခြေစိုက်ခမရ ၄၂၂ တပ်ရင်းရှေ့၊ ဖယ်ခုံဂိတ်၊ ဆောင်းပြောင်းဂိတ်၊ ပင်လောင်းဂိတ်၊ အောင်ပန်း စသည့်နေရာရှိ စစ်ဆေးရေးဂိတ်များ၌ ခရီးသွား ပြည်သူအချို့စစ်ဆေးခံရပြီးနောက် ရိုက်နှက်ခံရမှုများ ရှိနေကြောင်း သတင်းရရှိသည်။

ရန်ကုန်တိုင်း

- ၂၀၂၂ မတ် ၃၀ရက်နေ့ ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်း ၁ လမ်းတွင် DC တစ်စီးနှင့် အင်အား (၅) ယောက်ပါ စည်ပင်ဝန်ထမ်းများက မီတာboxများ လိုက်ဖြုတ်နေကြောင်း သိရသည်။